ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ဒုတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်




## ဧရာဝတီတိုင်းဒေသကြီးယစ်မျိုးခွန်ဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေ

(၃/၂၀၂၀)

Ayeyarwady Hluttaw

## ဧရာဝတီတိုင်းဒေသကြီးယစ်မျိုးခွန်ဥပဒေကိုတတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ

(၂၀၂၀ပြည့်နှစ်၊ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ်- ၃ ။)

**၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်**

**(၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၄ ရက် )**

ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ဧရာဝတီတိုင်းဒေသကြီး ယစ်မျိုးခွန်ဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေဟုခေါ်တွင်စေရမည်။

၂။ ဧရာဝတီတိုင်းဒေသကြီး ယစ်မျိုးခွန်ဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေပုဒ်မ ၄ တိုင်းဒေသကြီးယစ်မျိုးခွန်ကောက်ခံရေးနှင့်စပ်လျဉ်း၍ နောက်ဆက်တွဲ(က)ဇယားအမှတ်စဉ်(၂၉)၏ နောက်တွင် အမှတ်စဉ်(၃၀)FL-2Cလိုင်စင်အမျိုးအစားအား ပူးတွဲပါအတိုင်း ဖြည့်စွက်ရမည်။

---

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

( လှမိုးအောင် )
ဝန်ကြီးချုပ်
ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့

Ayeyarwady Hluttaw

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ယစ်မျိုးခွန်ကောက်ခံမည့်နှုန်းထား

နောက်ဆက်တွဲ (က)အဆုံး

| စဉ် | လိုင်စင် အမျိုးအစား | လိုင်စင်အမိပ္ပါယ် | လိုင်စင်အလိုက် ကောက်ခံသည့် နှုန်းထား |
|---|---|---|---|
| ၃၀ | FL-2 C | ပြုပြင်ပြီးချက်အရက် သိုလှောင်ထားရန်နှင့် ယင်းပြုပြင်ပြီး ချက်အရက်မှ တင်ချာဆေးရည်များ၊ အရက်ပြန် သန့်သန့်နှင့် အခြားအရက်ပါသည့်ဆေးဝါးများ ဖော်ထုတ်ရန်အလို့ငှာ ကိုယ်ပိုင်အရက်သိုလှောင်ရုံ တည်ထောင်ခွင့်လိုင်စင် | ၅၀၀၀၀၀ |

Ayeyarwady Hluttaw